Mr. Diijon DaCosta, Sr., *ဘုတ်ဥက္ကဋ္ဌ*
Mrs. Deirdre P. Pierce ၊ *ဒုဥက္ကဋ္ဌ*
Mrs. Anna Hill
Ms. Whitney McGinniss
Ms. Allyson Gevertz
Mrs. Vickie B. Turner
Dr. Joyce Morley

DeKalb County
School District

Dr. Devon Q. Horton, *ကြီးကြပ်သူဌာနမှူး*

**လက်တလော သတင်းထုတ်ပြန်ချက်**

အောက်တိုဘာလ 10 ရက်၊ 2023

**ဆက်သွယ်ရန် -**
Donald Porter, *Ed.D.* 678-481-4110
Carla Parker 404-734-1717

## *DeKalb ကောင်တီကျောင်းများ လေးနှစ် ဘွဲ့ရနှုန်း အနည်းငယ် လျော့ကျခြင်း*

*မသန်စွမ်းသူများအဖွဲ့ခွဲ ကျောင်းသားများနှုန်း ပဥ္စမနှစ်ဆက်တိုက် တိုးပွားလာခြင်း*

(STONE MOUNTAIN, GA) – ယနေ့ထုတ်ပြန်သော Georgia ပညာရေးဌာနမှ အချက်အလက်များအပေါ် အခြေခံ၍ DeKalb ကောင်တီခရိုင်ကျောင်း၏ (*DCSD*)အတန်းအတွက် 2023 လေးနှစ်ကျောင်းဆင်းနှုန်းသည် 75.77% ဖြစ်သည်။ အလုံးစုံ ဘွဲ့ရနှုန်းသည် ယခင်နှစ်ထက် 0.42% ကျဆင်းခဲ့သည်။ နှိုင်းယှဉ်ကြည့်လျှင် Georgia ပြည်နယ်တွင် ဘွဲ့ရနှုန်းသည် 84.06% မှ 84.36% သို့ အနည်းငယ် တိုးလာပြီး တိုးမြှင့်မှုနှုန်း 0.3% ဖြစ်သည်။

"ကပ်ရောဂါစတင်ချိန်တုန်းက 2023 ကျောင်းသားကျောင်းဆင်းပွဲအုပ်စုကတော့ ကိုးတန်းကျောင်းသားတွေဘဲဖြစ်ပါတယ်။ ကျောင်းပိတ်မှုများကြောင့် ပရမ်းပတာဖြစ်နေပေမယ့်လည်း အွန်လိုင်းအဝေးသင် လေ့လာမှု နဲ့ ကျောင်းပတ်ဝန်းကျင်အသစ်သို့ လိုက်လျောညီထွေဖြစ်အောင် စီစဉ်ခဲ့ပြီး ကျွန်တော်တို့ရဲ့ လေးနှစ်တာဘွဲ့ရနှုန်းမှာ အနည်းငယ်သာကျဆင်းလာတာကို မြင်တွေ့ ရတဲ့အတွက် ကျွန်တော် အားတက်ပါတယ်၊" ဟု ကြီးကြပ်ရေးမှူး Dr. Devon Q. Horton ကပြောသည်။ "ခက်ခဲတဲ့နှစ်ပေါင်းများစွာကို ဖြတ်သန်းခဲ့ရတဲ့ ကျောင်းသားတွေနဲ့ သူတို့ရဲ့ အသိုင်းအဝိုင်းကို ပံ့ပိုးကူညီဖို့ လက်တွဲလုပ်ဆောင်ခဲ့တဲ့ ဆရာတွေ၊ ခေါင်းဆောင်တွေနဲ့ ကျောင်းဝန်ထမ်းတွေကို ကျွန်တော် ကျေးဇူးတင်ပါတယ်။"

2023 ပညာသင်နှစ်သည် မသန်စွမ်းသူများအဖွဲ့ခွဲအတွက် ငါးနှစ်ဆက်တိုက် ရရှိသည့် တိုးတက်မှုဖြစ်ပါသည်။ လွန်ခဲ့သည့် (၆) နှစ်အတွင်း နှုန်းသည် 18.38% ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

| 2018 | 2019 | 2020 | 2021 | 2022 | 2023 |
|---|---|---|---|---|---|
| 44.25% | 46.48% | 54.56% | 57.80% | 60.30% | 62.63% |

Tapestry Public Charter ကျောင်းတွင် အထင်ရှားဆုံးသော တိုးတက်မှုမှာ 12% ထက်ပိုသော ဂဏန်းနှစ်ဆတိုးခြင်းကို သရုပ်ပြခြင်းဖြင့် လေးနှစ်ဘွဲ့ရနှုန်း 93.75% ရရှိသည်။

အထက်တန်းကျောင်း (၄) ကျောင်းသည် ယခင်စာသင်နှစ်ထက် (၄)ရာခိုင်နှုန်းကျော် တိုးတက်မှုရှိကြောင်း သရုပ်ပြခဲ့သည် -

- DeKalb Alternative အထက်တန်းကျောင်း (+5.41%) - *ဒုတိယနှစ် ဆက်တိုက်*
- Tucker အထက်တန်းကျောင်း (+4.81%)
- Martin Luther King, Jr. အထက်တန်းကျောင်း (+4.66%)
- Elizabeth Andrews အထက်တန်းကျောင်း (+4.38%)

Martin Luther King၊ Jr. အထက်တန်းကျောင်း နှင့် Tucker အထက်တန်းကျောင်း တို့သည် 2023 ခုနှစ်တွင် ၎င်းတို့၏ နောက်ဆုံး (6) နှစ်တာကာလအတွင်း အမြင့်ဆုံး လေးနှစ် ဘွဲ့ရနှုန်းများကို 80.06% နှင့် 84.81% အသီးသီး ရရှိခဲ့ပါသည်။

-နောက်တစ်မျက်နှာ-

အောက်ဖော်ပြပါ အထက်တန်းကျောင်း (7) ကျောင်းတွင် ထပ်လောင်းဘွဲ့ရနှုန်း တိုးလာသည်ကို လေ့လာတွေ့ရှိခဲ့ပါသည် -

- Southwest DeKalb အထက်တန်းကျောင်း (+2.89%)
- Stone Mountain အထက်တန်းကျောင်း (+2.46%)
- Towers အထက်တန်းကျောင်း (+1.89%)
- Stephenson အထက်တန်းကျောင်း (+1.47%)
- DeKalb ဝိဇ္ဇာကကြောချ (+1.30%)
- Cross Keys အထက်တန်းကျောင်း (+1.29%)
- Redan အထက်တန်းကျောင်း (+1.25%)

DCSD အထက်တန်းကျောင်း (2)ကျောင်းဖြစ်သည့် DeKalb Early College Academy (2 နှစ် ဆက်တိုက်) နှင့် DeKalb School of the Arts တို့သည် ပြီးပြည့်စုံသော ဘွဲ့ရနှုန်း 100% ရရှိခဲ့ပါသည်။ ထို့အပြင် ဤကျောင်းနှစ်ကျောင်းနှင့် Arabia Mountain အထက်တန်းကျောင်းတို့သည် ခြောက်နှစ်ဆက်တိုက် ဘွဲ့ရနှုန်း 95 ရာခိုင်နှုန်းအထက် ရရှိခဲ့သည်။

“4-နှစ် ဘွဲ့ရနှုန်းထားရရှိခဲ့တဲ့ နှစ်ဆယ့်ငါးကျောင်း (25)ကျောင်းမှာ ကျောင်း (13) ကျောင်းဟာ ယခင်နှစ် ထက် (52%) ၎င်းတို့ရဲ့ နှုန်းထားကို ထိန်းသိမ်းထား သို့မဟုတ် တိုးမြင့်လာခဲ့ပါတယ်။ အဲဒီကျောင်းတွေကို တိုးတက်မှုတွေနဲ့ အောင်ပွဲခံနိုင်ပေမယ့်၊ ကျွန်တော်တို့ကျောင်း အများစုမှာ ဘွဲ့ရနှုန်း 90% အောက်မှာ ရှိနေတာကို အသိအမှတ်ပြုပါတယ်” ဟု Dr. Horton က ပြောကြားခဲ့သည်။

"ကျွန်တော်တို့ခရိုင်နဲ့ ကျောင်းအဆင့် ဘွဲ့ရနှုန်းတွေ တိုးမြင့်လာစေဖို့ ကျွန်တော်တို့ရဲ့ ခရိုင်နဲ့ ကျောင်းအဆင့် ဘွဲ့ရနှုန်း တိုးမြင့်လာစေဖို့အတွက် နောက်အဆင့်များ ဆုံးဖြတ်ရန်မှာ ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့ ရှည်လျားသော နတ်ထွက်မှု အမျိုးအစားကုဒ်များ၊ ဘွဲ့ယူအုပ်စု လည်ပတ်မှု လုပ်ထုံးလုပ်နည်းများ၊ လုပ်ရိုးလုပ်စဉ် သင်ကြားရေး နည်းဗျူဟာများနှင့် ဖြည့်စွက်ကျောင်းသား ပံ့ပိုးမှုများကို ပိုမိုနက်ရှိုင်းစွာ ခွဲခြမ်းစိတ်ဖြာပြီး လုပ်ဆောင်ရမှာဖြစ်ပါတယ်။"

XXX

Robert R. Freeman စီမံအုပ်ချုပ်မှု ကွန်းပလက်စ်
1701 Mountain Industrial Blvd. | Stone Mountain, GA 30083
678.676.1200 | www.dekalbschoolsga.org